"ခရီးသွားလာရေး"

"ယူနန်လည်ပတ်ခြင်း" APP အွန်လိုင်းပေါ်သို့တင်ပြီး စမ်းသပ်အသုံးပြုခြင်းစတင်ဆောင်ရွက်

ဇွန်လ(၁)ရက်နေ့တွင် "ယူနန်လည်ပတ်ခြင်း" APPကို အွန်လိုင်းပေါ်သို့တင်ပြီး စမ်းသပ်အသုံးပြုခြင်းများ ဆောင်ရွက်နေသည်။ အဆိုပါဆော့ဝဲလ်သည် ယူနန်ပြည်နယ်အစိုးရနှင့် Tencent ကုမ္ပဏီတို့မှ အတူတကွပူးပေါင်းထုတ်ဖော်ထားသော တရုတ်နိုင်ငံအတွင်း ပထမဆုံးပြည်နယ်အဆင့်ခရီးသွား စမတ်ပလက်ဖောင်းဖြစ်သော "လက်ကိုင်ဖုန်းတစ်လုံးဖြင့်ယူနန်သို့လည်ပတ်ခြင်း" အတွက် ပထမပိုင်းအချိန်ကာလတွင် ရရှိခဲ့သည့် အောင်မြင်မှုရလဒ်ဖြစ်သည်။

"ယူနန်လည်ပတ်ခြင်း" APPသည် ခရီးသွားဧည့်သည်တော်များအတွက် ခရီးမထွက်မီ၊ ခရီးသွားနေဆဲ၊ ခရီးသွားပြီးသော အချိန်ကာလအားလုံးအတွက် ဝန်ဆောင်မှုများကို ပေးဆောင်နိုင်ပြီဖြစ်သည်။ ယူနန်ပြည်နယ်သို့ခရီးမထွက်မီ ခရီးသွားဧည့်သည်တော်များသည် "ယူနန်လည်ပတ်ခြင်း" APPဖြင့် လက်မှတ်များမှာယူခြင်း၊ ဟိုတယ်ဘိုကင်တင်ခြင်းများကို လုပ်ဆောင်နိုင်သည်။ "ခရီးသွားမည့်နေရာ" လုပ်ဆောင်ချက်ဖြင့် ခရီးသွားမည့်နေရာ၏ သတင်းအချက်အလက်များကို သိရှိနိုင်သည်။ "Liveတိုက်ရိုက်ထုတ်လွှင့်ခြင်း" လုပ်ဆောင်မှုဖြင့် ရှုခင်းသာအလှတရားများကို ကြည့်ရှုခံစားနိုင်ပါသည်။"မိမိစိတ်တိုင်းကျသွားလာခြင်း-လုပ်ဆောင်မှုဖြင့် ခရီးစဉ်လမ်းကြောင်းများကို စီစဉ်နိုင်ပါသည်။ အချို့သော ရှုခင်းသာဒေသများတွင် APPဖြင့် လက်မှတ်များဖြတ်ယူပြီး လူမျက်နှာအချက်အလက်များကို ဖြည့်ထည့်ပြီးနောက် "မျက်နှာစကင်ဖတ်ခြင်း" ဖြင့် ဥယျာဉ်ထဲသို့ဝင်ရောက်နိုင်ပါသည်။"လမ်းညွှန်" လုပ်ဆောင်မှုသည် ဧည့်လမ်းညွှန်ကဲ့သို့ဖြစ်နေသည်။ "အိမ်သာရှာခြင်း" လုပ်ဆောင်မှုသည် ဧည့်သည်များအတွက် အနီးနားတွင်ရှိသော အိမ်သာကိုရှာဖွေပေးနိုင်သည်။ "ငွေထုတ်ကဒ်ဖြင့် တိုက်ရိုက်ငွေပေးချေမှု" လုပ်ဆောင်ချက်သည် အမြန်လမ်းဖြတ်သန်းသွားလာကြေးပေးချေသည့်အခါတွင် ပိုမိုလျင်မြန်အဆင်ပြေစေသည်။ ဖြတ်သန်းသွားလာကြေးပေးခြင်းကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားနှုန်းကို လျော့ချပေးနိုင်သည်။ "ပစ္စည်းဝယ်ခြင်း" လုပ်ဆောင်မှုသည် ခရီးသွားဧည့်သည်တော်များအတွက် ယူနန်၏အထူးထွက်ကုန်ပစ္စည်းများ ဝယ်ယူနိုင်ရန် အထောက်အကူပြုသည်။ ပလက်ဖောင်းတွင်တင်ပြရောင်းချသော ကုန်ပစ္စည်းများအားလုံးသည် သက်ဆိုင်ရာဌာန၏ အဆင့်ဆင့်စစ်ဆေးမှုများခံယူထားပြီဖြစ်သည်။ ကုန်ပစ္စည်းအရည်အသွေးများအာမခံချက်ရှိသည်။ ခရီးသွားနေသည့် ကာလအတွင်းတွင် စမတ်သံစက်ရုပ် "ရှောင်ယွင်တုတ်"သည် ခရီးသွားဧည့်သည်တော်များအတွက် မိမိလိုလားချက်များအလိုက် သင့်တော်သော ခရီးစဉ်များကို အချိန်မီကူညီပြီးစီစဉ်ရေးဆွဲပေးသွားမည်ဖြစ်သည်။ အချက်အလက်များစုဆောင်းခြင်း၊ ခရီးစဉ်များစီစဉ်ခြင်းစသည့်ပြဿနာများကို ဖြေရှင်းပေးနိုင်ပါသည်။

ထူးခြားချက်တစ်ခုမှာ ခရီးသွားဧည့်သည်တော်များသည် အချိန်မရွေး၊ နေရာမရွေး "ယူနန်လည်ပတ်ခြင်း" APP အွန်လိုင်းမှတစ်ဆင့်တိုင်ကြားခြင်း၊ စကားသံသွင်းထားခြင်းနှင့် ဖုန်းဖြင့်တိုင်ကြားခြင်းစသည့် နည်းလမ်း(၃)မျိုးဖြင့် မကျေနပ်မှုများကိုတိုင်ကြားနိုင်ပါသည်။ အစိုးရဌာနများ၊ ပရော်ဖက်ရှင်နယ်ဌာနများ၊ ခရီးသွားဧည့်သည်များသည် လုပ်ငန်းရှင်၏ စီးပွားရေးစီမံခန့်ခွဲမှုအတွက်၊ စနစ်တကျရှိခြင်းအဆင့်၊ အရည်အသွေးနှင့်ခံစားမှုရလဒ် အဆိုပါအခန်းကဏ္ဍ(၃)ရပ်အတွက် အမှတ်ပေးနိုင်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ကုန်ပစ္စည်းများ အွန်လိုင်းပေါ်တွင်တင်ထားခြင်း ခွင့်ပြုချက်ချမှတ်ခြင်းများကို သတ်မှတ်နိုင်မည်ဖြစ်သည်။ ပယ်ဖျက်ခြင်းစနစ်ကို ကျင့်သုံးသည်။ လုပ်ငန်းရှင်များ၏သမာဓိများကို အတင်းအကျပ်တည်ထောင်စေသည်။ ယခုလက်ရှိအချိန်တွင် ဟိုတယ်ပေါင်း(၃၅၀၀)၊ စားသောက်ဆိုင်(၄၀၀၀)၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း(၆၉၀)၊ ဧည့်လမ်းညွှန်(၄၃၀၀)ဦးကို ပလက်ဖောင်းမှစစ်ပြီး အွန်လိုင်းတင်ခွင့်ပြုထားပြီဖြစ်သည်။

သတင်းထောက် ကျူဟိုင်

"အပြန်အလှန်ချိတ်ဆက်သွားလာခြင်း"

မီမုံ(မီလယ်–မုံကျီ)သံလမ်းတည်ဆောက်ရေးစတင်ခြင်း

မေလ(၃၀)ရက်နေ့တွင် ယူနန်ပြည်နယ်မီလယ်မြို့နှင့် မုံကျီမြို့ကိုချိတ်ဆက်ထားသော မီမုံသံလမ်းတည်ဆောက်ရေးကို တရားဝင်စတင်ခဲ့ပါသည်။ အဆိုပါသံလမ်း ဆောက်လုပ်ပြီးစီးပြီးနောက် ကူမင်းမှမုံကျီအထိ (၂)နာရီသာကြာတော့မည်ဖြစ်သည်။

မိတ်ဆက်ခြင်းအရသိရသည်မှာ-မီမုံ(မီလယ်-မုံကျီ)သံလမ်းသည် မြောက်ဘက်တွင် ယူကွေ(ယူနန်-ကွမ်ရှီး)သံလမ်းတစ်လျှောက်ရှိ မီလယ်ဘူတာ၊ တောင်ဘက်သို့မီလယ်မြို့၊ ခိုင်ယွမ်မြို့ကိုဖြတ်သန်းပြီး မုံကျီမြို့တွင် အဆုံးသတ်မည်ဖြစ်သည်။ တရုတ်-ဗီယက်နမ်နိုင်ငံ အပြည်ပြည်ဆိုင်ရာလမ်းကြောင်း ကူယီဟော(ကူမင်း-ယွီရှီ-ဟော်ခို) ရထားလမ်းနှင့်ချိတ်ဆက်ထားပါသည်။ ကူမင်းမြို့ကို အလယ်ဗဟိုထားသော သံလမ်းကွန်ရက်များအနက် တစ်ခုဖြစ်ပါသည်။ အဆိုပါသံလမ်း၏ မျဉ်းဖြောင့်အရှည်သည် (၁၀၇)ကီလိုမီတာရှိသည်။ မီးရထားအရှိန်ကို တစ်နာရီလျှင်(၂၅၀)ကီလိုမီတာအဖြစ် သတ်မှတ်ထားပါသည်။ ဆောက်လုပ်ရေးကာလမှာ (၆)နှစ်ဖြစ်သည်။

မီမုံ(မီလယ်-မုံကျီ) သံလမ်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသမှထွက်ခွာပြီး ဗီယက်နမ်နိုင်ငံနှင့်အာဆီယံနိုင်ငံများသို့ သွားရောက်နိုင်သော အဓိကလမ်းကြောင်း ဖွဲ့စည်းပုံတွင်ပါဝင်သည်။ ရထားလမ်းဖောက်လုပ်ပြီးစီး၍ မီးရထားများဖြတ်သန်းသွားလာနိုင်သည့် အချိန်တွင် ယူနန်အလယ်ပိုင်း၊ ယူနန်အရှေ့တောင်ပိုင်းမြို့ကြီးပြကြီးများအတွင်း ခရီးသည်များ သွားလာရလွယ်ကူသည့် အရေးပါလမ်းကြောင်းတစ်ခုဖြစ်လာပါလိမ့်မည်။ တရုတ်နိုင်ငံနှင့်အရှေ့တောင်အာရှဒေသများအကြား စီးပွားရေးကူးသန်းရောင်းဝယ်ရေး ဆက်သွယ်ရေးနှင့် ပြည်သူလူထု အပြန်အလှန်သွားလာရေးအတွက် အလွန်အရေးပါလှပါသည်။

သတင်းထောက် ရွှက်ရှောင်ချို

သမိုင်းတန်ဖိုးအလွန်ကြီးသော တီချင်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်

ယူနန်ပြည်နယ် တီချင်တိဗက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အလွန်ပေါများသောဒေသဖြစ်သည်။ အဆိုပါ

နေရာတွင် တိဗက်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိနေပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမှတ်အသားဖြစ်ပါသည်။ ယဉ်ကျေးမှုတန်ဖိုးအကြီးဆုံးဖြစ်ပါသည်။ တိုင်းရင်းသားတစ်ခု၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ကို ဖော်ပြနေပါသည်။ လွန်ခဲ့သောနှစ်ပေါင်းထောင်ချီရာချီမှ အမွေဆက်ခံလာခဲ့သော တိုင်းရင်းသားတို့၏ အသိဉာဏ်မျိုးစုံကိုလည်း ဖော်ပြထားသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် တီချင်တိုင်းရင်းသားများကိုယ်တိုင် အမွေဆက်ခံသွားခြင်းနှင့် အစိုးရဌာနအဆင့်ဆင့်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းမှုဌာနများ၏ ကယ်ဆယ်ခြင်း၊ အမွေဆက်ခံခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခြင်းများကြောင့် ဘာသာစကား၊ စာလုံးများ၊ ယဉ်ကျေးမှုများကို စကားဖြင့်အမွေပေးခြင်း၊ အက၊ တေးဂီတပြဇာတ်များ၊ ပွဲတော်အခမ်းအနားများ၊ အဝတ်အစားတန်ဆာများ၊ ပန်းချီများ၊ ပန်းပုများ၊ လက်မှုအနုပညာများ၊ တိုင်းရင်းသားဆေးဝါး၊ သိပ္ပံနည်းပညာ၊ တည်ဆောက်ရေးအနုပညာ၊ စားသောက်မှုဓလေ့များ၊ အိမ်ထောင်နှင့်သားဖွားဓလေ့များ၊ ဘာသာရေးကိုးကွယ်မှုနှင့် ပြည်သူယုံကြည်မှုများ၊ သင်္ကြိုလ်ဓလေ့များ စသည့်ဒြပ်မဲ့ယဉ်ကျေးမှုများကို ယခုအချိန်ထိတိုင် ပြည်သူအများ၏အိမ်များထဲတွင် မြင်တွေ့နေရခြင်းဖြစ်ပေသည်။

ယူနန်ရှန်ဂရီလာခရိုင်နှင့် ကီလိုမီတာ(၃၀)အဝေးတွင် လူသိနည်းသော ကျေးရွာတစ်ခု ထန်တွေရွာရှိသည်။ ၎င်းသည်တီချင့်ပြည်နယ်ခွဲ နီစီရွာအုပ်ချုပ်မှုနယ်မြေတွင်ရှိသည်။ ယခင်တုန်းက မြင်းအုပ်ဖြင့် လက်ဖက်များတင်ပို့သည့် လမ်းဟောင်းဟုခေါ်သော ကုန်ပစ္စည်းကူးသန်းသွားလာရေးလမ်းကြောင်းပေါ်တွင် မဖြစ်မနေသွားလာရသည့် နေရာဖြစ်သည်။ အဆိုပါနေရာတွင် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကတည်းကစပြီး အမွေဆက်ခံလာခဲ့သော ကြွေထည်အမည်းပြုလုပ်မှုအနုပညာ ရှိနေသေးသည်။ "နီစီကြွေထည်အမည်း" လုပ်ဆောင်မှုနည်းပညာများသည် နိုင်ငံတော်အဆင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။ နီစီရွာထန်တွေတူကျီရှေးဟောင်းကျေးရွာထူထောင်တောင်ပေါ်တွင်ရှိသော မြေနီနှင့်မြေဖြူကိုပေါင်းစပ်ပြီး လုပ်ဆောင်ထားခြင်းဖြစ်သည်။ ကုန်ကြမ်းများစုဆောင်းခြင်း၊ ပုံဖော်ခြင်း၊ ပန်းပုထွင်းခြင်း၊ အခြောက်ခံခြင်း၊ မီးဖုတ်ခြင်းစသည့် အဆင့်ဆင့်လုပ်ဆောင်မှုများဖြင့် အမည်းရောင်သန့်ရှင်းစင်ကြယ်သောအထူးကြွေထည်ရရှိပါသည်။ "နီစီကြွေထည်အမည်း" လက်ရာပစ္စည်းများကို တိဗက်တိုင်းရင်းသားများက ကြိုက်နှစ်သက်ကြပါသည်။